Australian Government
Services Australia

BURMESE

# Parenting Payment

Parenting Payment ဆိုသည်မှာ ကလေးများအား မွေးမြူထိန်းကျောင်းရသည့်စရိတ်ကို သက်သာစေရန် မိဘများ သို့မဟုတ် အုပ်ထိန်းသူများကို ထောက်ပံ့ပေးသည့် ဝင်ငွေထောက်ပံ့ကြေးဖြစ်သည်။

Parenting Payment သည် Family Tax Benefit နှင့် Parental Leave Pay ထောက်ပံ့ကြေးတို့မှ သီးခြား ထောက်ပံ့ကြေးတစ်ခုဖြစ်သည်။ မိသားစုများအတွက် ရရှိနိုင်သော အခြားထောက်ပံ့ကြေးများလည်းရှိသည်။

## Parenting Payment ထောက်ပံ့ကြေး ရခွင့်သတ်မှတ်ချက်

Parenting Payment ကို ကလေးအား အဓိက ထိန်းကျောင်းပေးသူကို ပေးပါသည်။

ထောက်ပံ့ကြေးကို မိဘ သို့မဟုတ် အုပ်ထိန်းသူ တစ်ဦးကိုသာ ပေးပါသည်။

အကယ်၍ အောက်ပါ အချက်များနှင့်အကျုံးဝင်ပါက မိဘ၊ အဖိုးအဖွား၊ သို့မဟုတ် မွေးစားစောင့်ရှောက်သူ အဖြစ် သင်သည် Parenting Payment ထောက်ပံ့ကြေးကို ရနိုင်သည်–

- သင်သည် လူလွတ်ဖြစ်ပြီး အသက် 14 နှစ်အောက်အရွယ် အနည်းဆုံး ကလေးတစ်ယောက်ကို စောင့်ရှောက်ပေးနေရလျှင်
- သင့်တွင် ကြင်ဖော်ဖက်တစ်ဦးရှိပြီး အသက် 6 နှစ်အောက်အရွယ် အနည်းဆုံး ကလေးတစ်ယောက်ကို စောင့်ရှောက်ပေးနေရလျှင်။

ဤထောက်ပံကြေးကိုရရှိရန် အောက်ပါ စည်းမျဉ်းများနှင့်လည်း ကိုက်ညီရန် လိုအပ်ပါသည်–

- သင်နှင့် သင့်ကြင်ဖော်ဖက် နှစ်ဦးလုံး၏ ဝင်ငွေနှင့် ပိုင်ဆိုင်ပစ္စည်းတန်ဖိုးများ (ရှိလျှင်) မှာ သတ်မှတ်ငွေပမာဏ အောက်ဖြစ်ရမည်
- နေထိုင်မှု သတ်မှတ်ချက်များနှင့် သင် ကိုက်ညီရမည်
- လိုအပ်လျှင် နှစ်ဖက် တာဝန်သတ်မှတ်ချက်များနှင့် သင် ကိုက်ညီရမည်။

## Parenting Payment အတွက် ထောက်ပံ့ကြေးနှုန်းထားများ

သင်ရမည့် Parenting Payment ငွေပမာဏမှာ သင့်မိသားစု အခြေအနေပေါ် မူတည်သည်။ နှုန်းထားများကို နှစ်စဉ် မတ်လ 20 ရက်နေ့နှင့် စက်တင်ဘာလ 20 ရက်နေ့တို့တွင် အသစ်ပြင်ဆင်ပေးသည်။ လက်ရှိပေးနေသည့် နှုန်းထားကို ဝက်ဘ်ဆိုက် **servicesaustralia.gov.au/parentingpayment** တွင် ဖော်ပြထားသည်။

## Parenting Payment အတွက် ဝင်ငွေနှင့် ပိုင်ဆိုင်ပစ္စည်း စိစစ်မှုများ

သင်ရမည့် Parenting Payment ငွေပမာဏမှာ သင်နှင့် သင့်ကြင်ဖော်ဖက် (ရှိလျှင်) နှစ်ဦးလုံး၏ ဝင်ငွေနှင့် ပိုင်ဆိုင်ပစ္စည်းတန်ဖိုးများပေါ် မူတည်သည်။

ပိုင်ဆိုင်ပစ္စည်းဆိုသည်မှာ တစ်စိတ်တစ်ဒေသဖြစ်စေ သို့မဟုတ် အပြည့်အဝဖြစ်စေ သင် ပိုင်ဆိုင်သည့် ပစ္စည်း သို့မဟုတ် လက်ဝယ်ရှိမှုကိုဆိုလိုသည်။ ၎င်းတွင် ဩစတြေးလျနိုင်ငံ ပြင်ပရှိ သင်၏ လက်ရှိပိုင်ဆိုင်ပစ္စည်းများနှင့် သင့်ရရန်ရှိသည့် ငွေကြေးနှင့် ကြွေးမြီများ ပါဝင်သည်။ ဤ ဝင်ငွေနှင့် ပိုင်ဆိုင်ပစ္စည်းများ စိစစ်မှုကို နှစ်စဉ် မတ်လ 20 ရက်၊ ဇူလိုင်လ 1 ရက်နှင့် စက်တင်ဘာလ 20 ရက်နေ့တို့တွင် အသစ်ပြင်ဆင်သတ်မှတ်ပေးသည်။

လက်ရှိပေးနေသည့် နှုန်းထားကို ဝက်ဘ်ဆိုက် **servicesaustralia.gov.au/parentingpayment** တွင် ဖော်ပြထားသည်။

## တောင်းခံပုံ

ကလေး မမွေးမီ Parenting Payment ကို သင် မတောင်းခံနိုင်ပါ။ Parenting Payment ကို သင် တောင်းခံချက်နှင့် စာရွက်စာတမ်းများ တင်သွင်းသည့်နေ့ရက်မှစ၍ ကျွန်ုပ်တို့ များသောအားဖြင့် စိစစ်ပါသည်။

အကယ်၍ တောင်းခံချက်နှင့် စာရွက်စာတမ်းများကို အောက်ပါဖြစ်ရပ်တစ်ခုခု၏ 4 ပတ်အတွင်း သင် တင်သွင်းလျှင် ထောက်ပံ့ကြေးငွေများကို နောက်ပြန်တွက်ချက်ပြီးပေးနိုင်ပါသည်–

- သင့်ကလေး မွေးရက် သို့မဟုတ်
- သင့်စောင့်ရှောက်မှုအောက်သို့ ကလေးရောက်လာသည့်ရက်။

သင် ဤထောက်ပံ့ငွေကို အွန်လိုင်းဖြင့် လျှောက်နိုင်သည်။ ပိုမိုသိရှိရန် ဝက်ဘ်ဆိုက် **servicesaustralia.gov.au/parentingpayment** တွင်ကြည့်ပါ။

## ပိုမိုသိရှိရန်အတွက်

- အင်္ဂလိပ်စာဖြင့် ပိုမိုသိရှိရန် ဝက်ဘ်ဆိုက် **servicesaustralia.gov.au/parentingpayment** တွင်ကြည့်ပါ
- အင်္ဂလိပ်စာနှင့် အခြား ဘာသာစာများဖြင့် Family Tax Benefit အကြောင်း ပိုမိုသိရှိရန် ဝက်ဘ်ဆိုက် **servicesaustralia.gov.au/ftb** တွင်ကြည့်ပါ
- သင့်ဘာသာစကားဖြင့် ဖတ်ရှုရန်၊ နားထောင်ရန်၊ သို့မဟုတ် ဗီဒီယိုကြည့်ရန်အတွက် ဝက်ဘ်ဆိုက်– **servicesaustralia.gov.au/yourlanguage**
- Centrelink ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများအကြောင်း သင့် ဘာသာစကားဖြင့် ကျွန်ုပ်တို့နှင့်ပြောဆိုရန် ဖုန်း **131 202** ကိုဆက်ပါ
- Medicare အတွက် ဖုန်း **132 011** နှင့် **131 272** ကို Child Support အတွက် ခေါ်ဆိုပါ။ သင် စကားပြန်တစ်ဦးလိုလျှင် ကျွန်ုပ်တို့ကို အသိပေးပါ၊ ကျွန်ုပ်တို့ စကားပြန်တစ်ဦးကို အခမဲ့ စီစဉ်ပေးပါမည်
- ဝန်ဆောင်ဌာနတစ်ခုသို့ သွားရောက်ပါ။

မှတ်ချက်– သင့်အိမ်ဖုန်းမှ ဩစတြေးလျနိုင်ငံ မည်သည့်နေရာမှမဆို '13' နံပါတ်များသို့ ဖုန်းခေါ်ဆိုမှုများကို ပုံသေ ဖုန်းခေါ်နှုန်းဖြင့် ကျသင့်ပါသည်။ အဆိုပါ ဖုန်းခေါ်ခနှုန်းထားများမှာ ဒေသတွင်း ဖုန်းခေါ်ခ ကွဲပြားခြားနားနိုင်သလို တယ်လီဖုန်း ကုမ္ပဏီ အချင်းချင်းအကြားတွင်လည်း ကွဲပြားခြားနားနိုင်ပါသည်။ သင့်အိမ်ဖုန်းမှ '1800' နံပါတ်များသို့ ဖုန်းခေါ်ဆိုမှုများမှာ အခမဲ့ဖြစ်သည်။ အများပြည်သူဖုန်းနှင့် မိုဘိုင်းဖုန်းများမှ ဖုန်းခေါ်ဆိုမှုများကို အချိန်တိုင်းတာထားပြီး ပိုမိုကြီးမြင့်သော နှုန်းဖြင့် ကျသင့်နိုင်သည်။

## တာဝန်မယူငြင်းဆိုချက်

ဤစာစောင်တွင် ပါဝင်သော အချက်အလက်များ သည် ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများ အတွက် လမ်းညွှန်တစ်ခု အဖြစ်သာ ရည်ရွယ်ပါသည်။ ထောက်ပံ့ကြေးငွေကို လျှောက်ထား လိုမလိုနှင့် သင့် သီးခြား အခြေအနေများနှင့်ပတ်သက်ပြီး လျှောက်လွှာတင်သွင်း လိုမလိုကို ဆုံးဖြတ်ရန်မှာ သင်၏ တာဝန်ဖြစ်သည်။

# Parenting Payment

Parenting Payment is income support for parents or guardians to help with the cost of raising children.

Parenting Payment is a separate payment from Family Tax Benefit and Parental Leave Pay. There are also other payments for families you may be able to get.

## Eligibility for Parenting Payment

Parenting Payment is paid to the principal carer of a child.

Only one parent or guardian can get the payment.

You may get Parenting Payment as a parent, grandparent, or foster carer, if any of these conditions apply:

- you are single and care for at least one child aged less than 14 years of age.
- you have a partner and care for at least one child aged less than 6 years of age.

To get this payment, you also need to meet these rules:

- the income and assets of both you and your partner (if you have one) are below certain amounts
- you meet the residence requirements
- you meet mutual obligation requirements if needed.

## Payment rates for Parenting Payment

The amount of Parenting Payment you get depends on your family situation. The rates are updated on 20 March and 20 September each year. For the latest rates go to **servicesaustralia.gov.au/parentingpayment**

## Income and assets tests for Parenting Payment

The amount of Parenting Payment you get depends on the income and assets of both you and your partner (if you have one).

An asset is any property or possession you own either in part or in full. It includes assets you hold, outside Australia and money and debts owed to you. The income and assets tests are updated on 20 March, 1 July and 20 September each year.

For the latest rates go to **servicesaustralia.gov.au/parentingpayment**

## How to claim

You can’t submit a claim for Parenting Payment before the birth of a child. We generally assess your Parenting Payment from the date you submit your claim and documents.

We can backdate your payments if you submit your claim and documents within either 4 weeks of:

- your child’s birth
- the date the child came into your care.

You can apply for this payment online. For more information go to **servicesaustralia.gov.au/parentingpayment**

## For more information

- go to **servicesaustralia.gov.au/parentingpayment** for more information in English
- go to **servicesaustralia.gov.au/ftb** for more information about Family Tax Benefit in English and other languages
- go to **servicesaustralia.gov.au/yourlanguage** where you can read, listen to or watch videos with information in your language
- call **131 202** to speak with us in your language about Centrelink payments and services
- call **132 011** for Medicare and **131 272** for Child Support. Let us know if you need an interpreter, and we will arrange one for free
- visit a service centre.

Note: calls from your home phone to ‘13’ numbers from anywhere in Australia are charged at a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers. Calls to ‘1800’ numbers from your home phone are free. Calls from public and mobile phones may be timed and charged at a higher rate.

### Disclaimer

The information contained in this publication is intended only as a guide to payments and services. It’s your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.